# Company Profile (Myanmar Agro Exchange Public Co., Ltd.)

| | | | |
|---|---|---|---|
| ကုမ္ပဏီအမည် | မြန်မာအက်ဂရိုအိတ်ချိန်း အများနှင့်ဆိုင်သော ကုမ္ပဏီလီမိတက် | | |
| ကုတ်နံပါတ် | ၀၀၀၀၈ | ISIN code | MM0000800001 |
| စတင်တည်ထောင်သည့်နေ့ | ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၄ ရက် | စီမံအုပ်ချုပ်သူ | ဦးဝင်းအောင်<br>(ဥက္ကဋ္ဌ) |
| စာရင်းဝင်ဖြစ်သည့်နေ့ | ထပ်မံကြေညာပါမည် | ဘဏ္ဍာရေးနှစ် | ဧပြီလ ၁ရက်နေ့မှ မတ်လ ၃၁ရက် |
| အများပြည်သူသို့ ထုတ်ရောင်းထားသည့် ရှယ်ယာ | ၂၃,၈၀၄,၉၄၆ စု<br>(၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်နေ့ရှိ ရှယ်ယာအရေအတွက်) | ထည့်ဝင်ပြီး မတည်ရင်းနှီးငွေ | ကျပ် ၂၃,၈၀၄.၉၄၆ သန်း<br>(၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်နေ့ရှိတန်ဖိုး) |
| ဖုန်းနံပါတ် | ၀၁-၅၀၃၉၂၈ | Email လိပ်စာ | ho@maex.com.mm |
| လိပ်စာ | အခန်း (၀၄-၀၃)၊ ၄ လွှာ၊ ဘလောက် (အေ)၊ ဒဂုန်စင်တာ (၁)၊ အမှတ် ၂၆၂-၂၆၄၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ | | |
| လုပ်ငန်း | MAEX ကုမ္ပဏီ၏ အဓိကလုပ်ငန်းမှာ သစ်သီးဝလံ၊ အသားငါးနှင့် ပန်းမန်များကို အထူးပြု လက်ကားရောင်းဝယ်သော တည်းကုန်းလက်ကားဈေးကြီးကို တည်ဆောက် စီမံခန့်ခွဲခြင်းဖြစ်သည်။ ဖွံ့ဖြိုးဆဲဖြစ်သော သစ်သီးဝလံနှင့် ဟင်းသီး ဟင်းရွက် ဈေးကွက်ကြီး၏ ဈေးနှုန်းတည်ငြိမ်မှုရှိစေရန်နှင့် တောင်သူများ၏ ဝင်ငွေတိုးတက်လာစေရန် ရည်ရွယ်ပြီး ဤဈေးကြီးကို တည်ထောင်ခြင်းဖြစ်ပါသည်။ တောင်သူများ၊ ဝယ်ယူစားသုံးသူများ၊ ပြည်တွင်းဝယ်ရောင်းလုပ်သူများနှင့် ပြည်ပသို့တင်ပို့ရောင်းချသူများ အချင်းချင်း တစ်ဦးနှင့်တစ်ဦး အချိတ်အဆက်မိမိဖြင့် ၎င်းတို့၏လုပ်ငန်း တိုးတက်အောင်မြင်စေရန်မှာ အဓိကရည်မှန်းချက်ဖြစ်ပါသည်။ ယခုလုပ်ငန်းမှတဆင့် တောင်သူများနှင့်၎င်းတို့နှင့် ဆက်စပ်လျက်ရှိသော စိုက်ပျိုးရေးလုပ်ငန်းခွင်အတွင်းရှိသူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာစေရန်သာမက တန်ဖိုးမြှင့် စိုက်ပျိုးရေးထုတ်ကုန်များကိုပါ ဆက်လက်လုပ်ကိုင် လာနိုင်ကြစေရန် ရည်ရွယ်ရင်းဖြစ်ပါသည်။<br>တည်းကုန်းလက်ကားဈေးသစ်ကြီးသည် ကျွန်ုပ်တို့ကုမ္ပဏီ၏ ပထမဆုံးသောလက်ကားဈေးသစ်ကြီးဖြစ်ပါသည်။ ၎င်းလက်ကားဈေးသစ်ကြီးသည် သန့်ရှင်းလတ်ဆတ်သော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၊ အသားငါးနှင့် ပန်းမန်များကို လက်လီနှင့် လက်ကားရောင်းဝယ်ရေးလုပ်ငန်းစုများ၏ တည်မှီရာဖြစ်သည်သာမက နိုင်ငံတော်စီးပွား တိုးတက်ရေးကို တဖက်တလမ်းမှ အထောက်အကူပြုပြီး ဒေသခံလူမှုအဖွဲ့အစည်းများနှင့် မိသားစုများကိုပါ ကောင်းမွန်သော အကျိုး သက်ရောက်မှု ရှိစေမည်ဖြစ်ပါသည်။ | | |
| ဒါရိုက်တာအဖွဲ့ဝင်များ | ဦးဝင်းအောင် (ဥက္ကဋ္ဌ)<br>ဦးစစ်လွင် (ဒု ဥက္ကဋ္ဌ)<br>ဦးမင်းစိန် (ဒါရိုက်တာ)<br>ဒေါ်ရန်လင်း (ဒါရိုက်တာ)<br>ဦးအောင်ညွန့် (လွတ်လပ်သော ဒါရိုက်တာ)<br>ဒေါက်တာဇော်ဦး (လွတ်လပ်သော ဒါရိုက်တာ) | | |

| | |
|---|---|
| | ဒေါ်တင်မေဦး (လွတ်လပ်သော ဒါရိုက်တာ)<br>ဦးသောင်းတင် (YDCD ကိုယ်စားပြု ဒါရိုက်တာ)<br>ဦးသူရိန်အောင် (ဒါရိုက်တာ)<br>ဦးဘုန်းဘုန်းနိုင် (ဒါရိုက်တာ)<br>ဦးရဲဘုန်းလှိုင် (ဒါရိုက်တာ)<br>ဒေါ်အေးအေးအောင် (ဒါရိုက်တာ)<br>ဦးကျော်တင်မြင့် (ဒါရိုက်တာ)<br>ဦးစိုင်းထွန်းဝင်း (ဒါရိုက်တာ) |
| Website လိပ်စာ | https://www.maex.com.mm/ |
| အဓိကငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီ | KBZ Stirling Coleman Securities Co., Ltd. |
| စာရင်းစစ် | Win Thin & Associates |
| ကုမ္ပဏီ၏ နောက်ခံသမိုင်း | ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ လုပ်ငန်းဆောင်ရွက်ရန် မြေနေရာအသုံးပြုခွင့်ပေးပြီး၊ အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public Private Partnership, PPP) အစီအစဉ်အရ ဆောင်ရွက်မည့် တည်းကုန်း အဆင့်မြင့်လက်ကားဈေး တည်ဆောက်ရေး နှင့် စီမံခန့်ခွဲရေးလုပ်ငန်း စီမံကိန်းအား ဒဂုန်အင်တာနေရှင်နယ် လီမိတက်မှ တင်ဒါအောင်မြင်ပြီးနောက် တင်ဒါပါစည်းကမ်းချက်တွင်ပါဝင်သော အများပိုင် ကုမ္ပဏီ တည်ထောင်ရန်လိုအပ်ချက်အရ ဒဂုန်အင်တာနေရှင်နယ်လီမိတက်သည် မူလက မကထပြု တည်ထောင်သူ အဖြစ် အစုရှယ်ယာ ၄၅% ထည့်ဝင်လျက် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် မြန်မာအက်ဂရိအိတ်ချိန်း အများနှင့်ဆိုင်သော ကုမ္ပဏီလီမိတက် အဖြစ် စတင်တည်ထောင်ခဲ့ပါသည်။<br><br>ဒဂုန်အင်တာနေရှင်နယ် လီမိတက်သည် ဒဂုန်ကုမ္ပဏီ အုပ်စု၏ ဦးဆောင် ကုမ္ပဏီဖြစ်ပြီး၊ ဒဂုန်ကုမ္ပဏီ အုပ်စုသည် မြန်မာနိုင်ငံတွင် အထင်ရှားဆုံး နှင့် လေးစားခြင်းခံရသော ကုမ္ပဏီအုပ်စုတွင် ပါဝင်ပါသည်။ ဒဂုန်အင်တာ နေရှင်နယ် လီမိတက်သည် ၁၉၉၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ပြီး စိုက်ပျိုးရေး၊ အိမ်ယာ အဆောက်အဦး ဖွံ့ဖြိုးတိုးတက်ရေး၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ဟိုတယ်၊ ခရီးသွားလာမှု စသောဆောင်ရွက်မှု လုပ်ငန်းများ၊ ထုတ်လုပ်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်၊ အစားအသောက် နှင့် စက်သုံးဆီ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ ပို့ဆောင်ရေး လုပ်ငန်းများ စသည်တို့ လုပ်ကိုင်သော ကုမ္ပဏီအုပ်စု ဖြစ်ပါသည်။<br><br>အင်းစိန်မြို့နယ် တည်းကုန်း သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက် နှင့် ပန်းမန် လက်ကားဈေးကို တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ရန် ရန်ကုန်မြို့တော် စည်ပင် သာယာရေး ကော်မတီ နှင့် မြန်မာအက်ဂရိအိတ်ချိန်းပတ်ဘလစ် အများနှင့်ဆိုင်သော ကုမ္ပဏီလီမိတက်တို့သည် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပါသည်။<br><br>မြန်မာအက်ဂရိအိတ်ချိန်း အများနှင့်ဆိုင်သော ကုမ္ပဏီလီမိတက်အား ငွေချေးသက်သေခံ လက်မှတ် လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင် (SECM) မှ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ |

| | |
|---|---|
| | ရက်နေ့တွင် စာရင်းမဝင်သော အများပိုင်ကုမ္ပဏီ အဖြစ် အများပြည်သူသို့ အစုရှယ်ယာများ ထုတ်ဝေ ရောင်းချခွင့်ပြုခဲ့ပါသည်။<br><br>၂၀၁၇ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) မှ တည်းကုန်း အဆင့်မြင့် လက်ကားဈေးကို ရင်းနှီးဆောက်လုပ် အကောင်အထည်ဖေါ် ဆောင်ရွက်ရန် ခွင့်ပြုပေးခဲ့ပါသည်။<br><br>၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် တည်းကုန်း အဆင့်မြင့် လက်ကားဈေးဆိုင်များ အဆင့် (၁) (Phase 1) ဖွင့်ပွဲ အခန်းအနားကို ကျင်းပပြုလုပ်ခဲ့ပြီး၊ ယခုအခါ ဈေးရုံအတွင်း လက်လီ၊ လက်ကားရောင်းချသူ ၁၇၂၄ ဦး ရှိနေပြီး ဖြစ်ပါသည်။<br><br>၂၀၂၃ ခုနှစ်၊ ဇွန်လ၊ ၁၂ ရက်နေ့တွင် MAEX သည် ရန်ကုန်စတော့အိပ်ချိန်း (Main Board) ၌ စာရင်းဝင်ကုမ္ပဏီဖြစ်ရန် ခွင့်ပြုချက်ရရှိခဲ့ပါသည်။ |